# ၃။ တိမ်းရှောင်ခြင်း

## ၃-၁။ ကယ်ဆယ်ရေးစခန်း

ကယ်ဆယ်ရေးစခန်းများမှာ သဘာဝဘေးအန္တရာယ်မှမိမိကိုယ်ကို ကာကွယ်ရန်အတွက် ယာယီ တိမ်းရှောင်နိုင်သည့် နေရာနှင့်စခန်းများဖြစ်သည်။

**သဘာဝဘေးအန္တရာယ်ဖြစ်ပွားမည့်(ဖြစ်ပွားပြီးသည့်)အချိန်တွင်**

- တိမ်းရှောင်ရန်သတင်းအချက်အလက် စသည်တို့ကို အခြေခံပြီး အန္တရာယ်ရှိသောနေရာမှ၊ ဘေးအန္တရာယ်ကင်းရှင်းသောနေရာသို့ အလျင်အမြန် တိမ်းရှောင်ရမည်။
- ကြိုတင်၍ မိမိနေထိုင်ရာဒေသရှိ ကယ်ဆယ်ရေးစခန်းများကို ရှာဖွေဖတ်ရှုထားရမည်။
- ကယ်ဆယ်ရေးစခန်းများကို ဘေးအန္တရာယ်ပြမြေပုံ “Hazard map” နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၏ အင်တာနက်စာမျက်နှာ စသည်တွင် ရှာဖွေဖတ်ရှုနိုင်သည်။
- ရေမှာကြီးနေပြီးဖြစ်သည့်အချိန်စသည့်၊ ကယ်ဆယ်ရေးစခန်းသို့သွားရောက်ခြင်းမှာ ပိုပြီးအန္တရာယ်များသည်ဟု တွေးရသည့်အခါမျိုး၌ အခြားဘေးအန္တရာယ်ကင်းရှင်း သည့်နေရာသို့ တိမ်းရှောင်ရန် (အနီးရှိ ခိုင်ခံ့သော အဆောက်အအုံများသို့ တိမ်းရှောင်ခြင်း၊ ထိုသို့ တိမ်းရှောင်ရန်အတွက် အခက်အခဲရှိပါက အိမ်၏ ပထပ်နှင့်အထက်ရှိသော အနည်းငယ် ပိုမို ဘေးကင်းသောနေရာသို့တိမ်းရှောင်ရန်) စသည်ဖြင့် အနည်းငယ်ပင်ဖြစ်စေကာမူ အသက်အန္တရာယ်ကာကွယ်နိုင်မည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ကြရအောင်။

## ၃-၂။ တိမ်းရှောင်ရေးသတင်းအချက်အလက်

တိမ်းရှောင်ရေးသတင်းအချက်အလက်သည် ဘေးအန္တရာယ်ဖြစ်ပွားမည့် (ဖြစ်ပွားပြီးသည့်) အခြေ အနေများ၌ ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီမှ ထုတ်ပြန်သောသတင်းအချက်အလက်များ ဖြစ်သည်။

## သတိပေးချက် အဆင့် ၃ အသက်ကြီးသူစသည်တို့ကို တိမ်းရှောင်စေရန်

- မည်သို့သောသတင်းအချက်အလက်

ဘေးအန္တရာယ်ကျရောက်ပြီး ပျက်စီးမှုများ ဖြစ်ပေါ် နိုင်သောကြောင့်၊ တိမ်းရှောင်ရန်အချိန်ပေးရမည့် သက်ကြီးရွယ်အိုများနှင့် ကလေးများကို တိမ်းရှောင်ရန် နှိုးဆော်ခြင်း ဖြစ်သည်။

- ထိုသတင်းအချက်အလက်များထွက်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များမှာ အန္တရာယ်ရှိသည့် နေရာမှ တိမ်းရှောင်ရန် စတင် ပြုလုပ်ရမည်ဖြစ်သည်။

(၁) သက်ကြီးရွယ်အို
(၂) မသန်စွမ်းသူ
(၃) ကလေးသူငယ်
(၄) တခြား တစ်ယောက်တည်းတိမ်းရှောင်ရန် အခက်အခဲရှိသူနှင့်၊ တိမ်းရှောင်ရာ၌ အချိန်ပေးရမည့်သူ (ကိုယ်ဝန်ဆောင်စသည်)
(၅) နံပါတ်(၁) အချက်နှင့် နံပါတ်(၄) အချက်မှ ပုဂ္ဂိုလ်များနှင့်အတူ အဖော်လိုက်ပါမည့်လူများ
(၆) အန္တရာယ်ရှိသည်ဟု ခံစားမိသူ

တခြားသူများလည်း လိုအပ်သည့်အလျောက်၊ ပုံမှန်လုပ်နေကျအရာများကို ရပ်လိုက်ခြင်း၊ တိမ်းရှောင်ရန် ပြင်ဆင်ခြင်း တို့ကိုလုပ်ရမည့်အချိန်ဖြစ်သည်။

## သတိပေးချက် အဆင့် ၄ တိမ်းရှောင်ရန်အမိန့်

- မည်သို့သောသတင်းအချက်အလက်နည်း

ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုဖြစ်ပွားနိုင်ခြေမြင့်မားနေသော အချိန်၌ ထုတ်ပြန်သည့် သတင်းဖြစ် သည်။

- ထိုသတင်းများထုတ်ပြန်ပါက အန္တရာယ်ရှိသည့်နေရာမှ အားလုံးက၊ ဖော်ပြပါနေရာသို့ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိမရှိ စစ်ဆေး၍ တိမ်းရှောင်ရမည်။

(၁) ကယ်ဆယ်ရေးစခန်း
(၂) တခြား ဘေးအန္တရာယ်ကင်းရှင်းသော နေရာ (လုံခြုံသော ဆွေမျိုးအိမ်၊ အသိအိမ်နှင့် ဟော်တယ်၊ တည်းခိုခန်းစသည်)

တစ်ဖန် ဘေးအန္တရာယ်ပြမြေပုံ “Hazard map”စသည်တို့ကို ကြည့်ရှုပြီး၊ ဖော်ပြပါအချက် ၃ ချက်နှင့် ပြည့်စုံသည်ဟု ကိုယ်တိုင်ဆုံးဖြတ်နိုင်ပါက၊ အိမ်အတွင်း၌ပင် ဘေးကင်းအောင် နေထိုင်နိုင်သည့်အခါမျိုးလည်း ရှိသည်။

(၁) ရေကြီးခြင်းကြောင့် အိမ်လဲကျခြင်း၊ ပြိုကျခြင်းများဖြစ်နိုင်သော ဧရိယာ (အိမ်ပြိုကျသည်အထိ ရေနစ်မြုပ်နိုင်သည်ဟု ယူဆရသောဧရိယာ) အတွင်းဝင်မနေခြင်း
(၂) ရေလျှံလာနိုင်မည့် အန္တရာယ်မရှိသော မြင့်မားသည့်အဆောက်အဦတွင် နေထိုင်သူများ
(၃) ရေများပြန်ကျသွားသည်အထိ စောင့်နေနိုင်ပြီး၊ ရေနှင့် အစားအစာအလုံအလောက် ပြင်ဆင်ထားခြင်း

## သတိပေးချက် အဆင့် ၅ အရေးပေါ် လုံခြုံမှုအတွက်ဆောင်ရွက်ရန်

- မည့်သို့သောသတင်းအချက်အလက်

  အခြေအနေများ ပိုမိုဆိုးဝါးလာပြီး၊ ဘေးအန္တရာယ်များ ဖြစ်ပေါ်နေဆဲ၊ တစ်နည်းအားဖြင့် ဘေးအန္တရာယ်များ ဖြစ်အံ့ဆဲဆဲ အခြေအနေတွင် ထုတ်ပြန်သည့်သတင်းဖြစ်သည်။

- သတင်းထုတ်ပြန်ပါက

  တိမ်းရှောင်မနေပါက အသက်အန္တရာယ်ရှိနိုင်ပြီး၊ ချက်ချင်း မိမိကိုယ်ကို လုံခြုံအောင်လုပ်ဆောင်ရပါမည်။ တိမ်းရှောင်ရမည့်နေရာသို့ သွားရောက်ခြင်းမှာ ပို၍အန္တရာယ်များသည်ဟု ထင်ပါက အနည်းငယ်ခန့်မျှဖြစ်ဖြစ် အသက်ကိုကာကွယ်ရန်၊ ချက်ချင်းဖော်ပြပါ ဆောင်ရွက်ချက်များကို လုပ်ဆောင်ပါ။

(၁) အနီးအနားရှိ ခိုင်ခံ့သော အဆောက်အဦ၏ အမြင့်နေရာသို့ထွက်ပြေးပါ

(၂) အိမ်၏၂ထပ်နှင့် အထက်ရှိသည့် အနည်းငယ်ခန့်မျှ စိတ်ချရသောနေရာသို့ ထွက်ပြေးပါ

စသည်



**One Point:**

### သတိပေးချက်အဆင့်များအပေါ်လိုက်၍ ထုတ်ပြန်သော တိမ်းရှောင်ရေးသတင်းများ

**သတိပေးချက်အဆင့်ဆိုသည်မှာ**

- ဆူနာမီမဟုတ်သည့် ရေကြီးမှု၊မြေပြိုမှုဖြစ်ပွားမည့်အချိန်များ၌ လုပ်ဆောင်သင့်သော အချက် များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ထုတ်ပြန်သည့် သတင်းဖြစ်သည်။
- ၂၀၁၉မှစ၍ တိမ်းရှောင်ရေးသတင်းအချက်အလက်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး မိုးလေဝသသတင်းအချက်အလက်တို့ကို အတူတကွ ထုတ်ပြန်ပေးလျက်ရှိသည်။
- သတိပေးချက်အဆင့်(၅)ဆင့်ရှိသည်။

| | |
|---|---|
| သတိပေးချက်အဆင့်(၁)..... | ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရန် (မိုးနှင့်မြစ်ရေသတင်းများ ကို ရုပ်မြင်သံကြားနှင့် အင်တာနက်တွင် ရှာဖွေရန်) |
| သတိပေးချက်အဆင့်(၂)...... | တိမ်းရှောင်ရန်ပြင်ဆင်၍ တိမ်းရှောင်ရေးဆိုင်ရာလုပ်ဆောင်ချက်များ ကို ရှာဖွေဖတ်ရှုရန် (မိမိရှိနေသည့်နေရာမှာ အန္တရာယ်ရှိသည့်နေရာလား၊ အန္တရာယ်ရှိနေပါက မည်သည့်နေရာသို့ မည်သို့တိမ်းရှောင်ရမည်ကို ရှာဖွေရန်) |
| သတိပေးချက်အဆင့်(၃)..... | အန္တရာယ်ရှိသည့်နေရာမှ သက်ကြီးရွယ်အိုများတိမ်းရှောင်ရန် (သက်ကြီးရွယ်အိုများ၊ ကလေး များ၊ တိမ်းရှောင်ရာ၌ အချိန်ပေးရမည့်သူများစသည် တိမ်းရှောင်ရန်) |
| သတိပေးချက်အဆင့်(၄)..... | အန္တရာယ်ရှိသည့်နေရာ အယောက်တိုင်းတိမ်းရှောင်ရန် (အန္တရာယ်ရှိသည့်နေရာ လူတိုင်း ဘေးအန္တရာယ်ကင်းရှင်း သည့် နေရာသို့ သွားရောက်တိမ်းရှောင်ကြရန်) |
| သတိပေးချက်အဆင့်(၅) .... | အသက်အန္တရာယ်ကာကွယ်ရန် အတတ်နိုင်ဆုံးသောလုပ်ဆောင်မှုကို ပြု လုပ်ရန် (ဘေးအန္တရာယ်ဖြစ်ပွားနေပြီး သို့မဟုတ်၊ ဖြစ်အံ့ဆဲဆဲအနေအထားဖြစ်သည်။ တန်ဖိုးရှိသည့် အသက်အား ကာကွယ်ပါ။) |

## ၃-၃။ တိမ်းရှောင်ရန်နည်းလမ်း

လက်တွေ့တိမ်းရှောင်ရာတွင် အောက်ပါအချက်တို့ကို သတိပြုပါ။

- မတိမ်းရှောင်မီ မပျက်မကွက် မီးများကိုငြိမ်းသတ်ခြင်း
- တိမ်းရှောင်ချိန်၌ အထုပ်အပိုးများကို တတ်နိုင်သရွေ့ ကျောတွင်ပိုးကာ လက်နှစ်ဖက်ကို လွတ်လပ်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားခြင်း



One Point:

## ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင်အသုံးပြုသည့် အသံမက်ဆေ့ဝန်ဆောင်မှု

- ကြီးမားသော ငလျင်လှုပ်ခတ်သည့်အခါမျိုး၌ ဖုန်းအဆက်အသွယ်ပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်သည်။
- ဤကဲ့သို့သောအခြေအနေများ၌ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးပြုသည့် အသံမက်ဆေ့ ဝန်ဆောင်မှုများ ရှိသည်။

**ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်လည်း အကျဉ်းချုပ်သုံးသပ်ချက်ကို တင်ထားပါသည်။**

https://www.soumu.go.jp/menu_seisaku/ictseisaku/net_anzen/hijyo/dengon.html

### ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင်အသုံးပြုသည့်အသံမက်ဆေ့နံပါတ် (၁၇၁)

ကြိုးဖုန်း၊ လက်ကိုင်ဖုန်းမှ "၁၇၁" သို့ဆက်သွယ်ခြင်းဖြင့် အသုံးပြုရန် ညွှန်ကြားချက်များကို လိုက်နာကာ လွယ်ကူသောနည်းလမ်းဖြင့် အသံသွင်းခြင်းနှင့် ပြန်လည်နားထောင်ခြင်းများ ပြုလုပ်နိုင်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTT : https://www.ntt.co.jp/saitai/171.html
NTTအရှေ့ဂျပန် : https://www.ntt-east.co.jp/saigai/voice171/
NTTအနောက်ဂျပန် : https://www.ntt-west.co.jp/dengon/

NTT　NTTအရှေ့ဂျပန်　NTTအနောက်ဂျပန်

### ဘေးအန္တရာယ်ဖြစ်ပွားချိန်သုံး စာမက်ဆေ့ (ဝပ်ဆိုက် "၁၇၁") (အင်္ဂလိပ်၊ တရုတ်၊ကိုရီးယား၊ဂျပန်)

ကွန်ပျူတာနှင့် စမတ်ဖုန်းများဖြင့် ကြိုးဖုန်း သို့မဟုတ် လက်ကိုင်ဖုန်း၏ ဖုန်းနံပါတ်ကိုထည့်သွင်းပြီး လုံခြုံရေးအချက်အလက်များကို မှတ်ပုံတင်ခြင်း၊ အတည်ပြုခြင်းများကို ပြုလုပ်နိုင်ပါသည်။

**ဤနေရာမှအသုံးပြုပါ။**

https://www.web171.jp/web171app/topRedirect/

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTTအရှေ့ဂျပန် : http://www.ntt-east.co.jp/saigai/web171/
NTTအနောက်ဂျပန် : https://www.ntt-west.co.jp/dengon/web171/

NTTအရှေ့ဂျပန်　NTTအနောက်ဂျပန်

### ဘေးအန္တရာယ်ဖြစ်ပွားချိန်သုံး စာမက်ဆေ့ (လက်ကိုင်ဖုန်း)

လက်ကိုင်ဖုန်းကုမ္ပဏီလည်း စာမက်ဆေ့ဝန်ဆောင်မှု ရှိသည်။

**ဤနေရာမှအသုံးပြုပါ။**

NTT dokomo : http://dengon.docomo.ne.jp/top.cgi
KDDI (au) : http://dengon.ezweb.ne.jp/
Soft Bank/ We Mobile : http://dengon.softbank.ne.jp/

NTT dokomo　KDDI (au)　Soft Bank/ We Mobile

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTT dokomo : https://www.nttdocomo.co.jp/info/disaster/disaster_board/index.html
KDDI (au) : https://www.au.com/mobile/anti-disaster/saigai-dengon/
Soft Bank : https://www.softbank.jp/mobile/service/dengon/
We Mobile : https://www.ymobile.jp/service/dengon/

NTT dokomo　KDDI (au)　Soft Bank　We Mobile